# နိဒါန်း

ဤအထုပ်၌ သင် အောက်ပါတို့ကို တွေ့ရပါလိမ့်မည်။

- သင်၏ ဩစကို (AUSCO) ၌ ကြိုးပမ်းအောင်မြင်ခဲ့ခြင်း မှတ်တမ်းပါဝင်သော သင် ဖြည့်စွက်ရမည့် အလုပ်များအကြောင်းပါသည့် လေ့ကျင့်ခန်းစာအုပ်
- အောက်ပါအရေးကြီးသော ခေါင်းစဉ်များနှင့် ပတ်သက်သည့် သိကောင်းစရာ အချက်အလက်များဆိုင်ရာ လက်ကမ်းစာစောင်
    - ဩစတြေးလျား နိုင်ငံ လူနေမှုဘဝ အပေါ် ခြုံငုံသုံးသပ်ချက်
    - ဩစတြေးလျားသို့ ခရီးသွားခြင်း
    - ဩစတြေးလျားရှိ မိသားစုများ
    - အခြေချနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ
    - ကျန်းမာရေး
    - အိုးအိမ်
    - အလုပ်အကိုင်
    - ပညာရေး
    - တရားဥပဒေ
    - ငွေကြေး စီမံခန့်ခွဲမှု
    - လုံခြုံရေး
    - ယဉ်ကျေးမှုခြား အသိုင်းအဝိုင်းအပေါ် အံ့ဩ၊ စိတ်မတွေ့ဖြစ်ပြီး စိတ်နေသားမကျဖြစ်ရခြင်း
    - အားလပ်ရက်များ၊ အပျော်ခရီး
    - သယ်ယူပို့ဆောင်ရေး
    - အမြဲ ဆက်သွယ်မှုထားရှိခြင်း

ဩစကို သင်တန်းသည် ဩစတြေးလျားနိုင်ငံ၌ အခြေချရန် ထွက်မည့်ခရီးတွင် ပထမအဆင့်သာ ဖြစ်ပါသည်။ သင် ခရီးဆိုက်ပြီးသည်နှင့် တပြိုင်နက်၊ ဤသိကောင်းစရာအချက်အလက်များအား ပိုပြီးနားလည်ရေးကို အထောက်အကူပြုရန် နှင့် လေ့ကျင့်ခန်းစာအုပ်အား ဆက်လက်အသုံးပြုသွားနိုင်ရန်တို့အတွက် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ နောက်ထပ်သင်တန်းများသို့ တက်ရောက်နိုင်ပါလိမ့်မည်။

ဩစတြေးလျားနိုင်ငံ  လူနေမှုဘဝအကြောင်းကို လေ့လာသင်ကြားခြင်းသည် တစ်သက်တာ လုပ်သွားရမည့် အလုပ်တစ်ခုဖြစ်ပါသည်။ သင့်ဘဝသစ်အား ဩစတြေးလျားနိုင်ငံတွင် ထူထောင်ရေးကိစ္စကို စွန့်စားလိုခြင်း၊ စိတ်ရှည်မှုရှိခြင်းနှင့် လိုလိုလားလားသင်ယူလိုခြင်းတို့ ပါဝင်ကြသည့် စိတ်ဓာတ်မွေးပြီး ချဉ်းကပ်ရန် ကျွန်ုပ်တို့မှ အားပေးတိုက်တွန်းအပ်ပါသည်။

**တာဝန်မယူ ငြင်းဆိုချက်။** လူမှုရေးဝန်ဆောင်မှုများဌာနနှင့် အခြားပံ့ပိုးပေးသောအဖွဲ့အစည်းများအနေနှင့် ဤစာထုပ်အားထုတ်ဝေချိန်၌ ၎င်းတွင်ပါရှိရာအကြောင်းအချက်များ မှန်ကန်မှုရှိစေရေးကို သေချာစေရန် ကြိုးစားထားပါသော်လည်း၊ ၎င်းတွင်ပါဝင်ရာ အမျိုးစုံလင်လှသည့် အကြောင်းအချက်များမှာ ပုံမှန်ပြောင်းလဲနေကျဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်မဆို ဤစာထုပ်ပါ အချက်အလက်များကို အားကိုးခြင်းကြောင့် တစ်စုံတစ်ရာသော ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှုရှိခဲ့ပါက၊ လူမှုရေးဝန်ဆောင်မှုများဌာန နှင့် အခြားပံ့ပိုးပေးသောအဖွဲ့အစည်းများအနေဖြင့် ပေါ့လျော့မှုတာဝန် သို့မဟုတ် အခြားမည်သည့်တာဝန်ကိုမဆိုယူလိမ့်မည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။ စာရှုသူများ၏ အဆင်ပြေမှုအတွက် ပြင်ပဝက်ဘ်ဆိုက်များသို့ ရည်ညွှန်းပေးထားပြီး၊ ယင်းဝက်ဘ်ဆိုက်များ၌ရှိရာ သိကောင်းစရာအချက်အလက်များကိုလည်းကောင်း၊ ဆက်စပ်မှုရှိသည့် အဖွဲ့အစည်းတစ်စုံတစ်ရာကိုလည်းကောင်း၊ ဆက်စပ်မှုရှိသည့် ထုတ်လုပ်မှုကိုလည်းကောင်း သို့မဟုတ် ဆက်စပ်မှုရှိသည့် ဝန်ဆောင်မှုကိုလည်းကောင်း၊ ထောက်ခံချက်မပေးပါ။ လူမှုရေးဝန်ဆောင်မှုများဌာနသည် ဤစာထုပ်တွင် ရည်ညွှန်းဖော်ပြထားရာ မည်သည့် ပြင်ပဝက်ဘ်ဆိုက်များတွင်မဆို ပါဝင်သောအကြောင်းအချက်များ၏ တိကျမှု၊ ပြီးပြည့်စုံမှု သို့မဟုတ် အများလက်ခံသုံးစွဲမှုတို့အတွက် တာဝန်လုံးဝမယူပါ။

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း မှ
ပို့ချပေးသည်။

IOM • OIM